

# ရှန်းရမိုး

အဓိပ္ပါယ်မဲ့ မျှော်လင့်ခြင်း

L လင်း

ခေတ်ဆန်းတေးနှင့် မိုးကဗျာဆိုတဲ့ ကောင်မလေးနှစ်ယောက်ကို အခင်ဆုံးသူငယ်ချင်းတွေ အဖြစ်ကနေ အမုန်းဆုံးရန်သူတွေဖြစ်သွားအောင် ပြောင်းလဲသွားစေသူကတော့..

လင်းလွန်းလွင်ဆိုတဲ့ အဆိုတော်ကောင်လေးတစ်ယောက် ဖြစ်သတဲ့။

လင်းလွန်းလွင်က ဘာ Action မှ မလုပ်လိုက်ရပါဘဲ သူတို့ရဲ့ Reaction တွေ ဖြစ်ပေါ်လာ ရတာ ကတော့...?။

ဟုတ်တယ်...လင်းလွန်းလွင်တောင် မသိလိုက်ရဘဲ သူတို့ဟာ လင်းလွန်းလွင်ကြောင့်...။

တစ်ခါတစ်ရံမှာ...

အချစ်တစ်ခုဖြစ်ပေါ်ဖို့အတွက်ဆို အမုန်းတချို့ကို လမ်းခင်းပေးလိုက်ရတယ်ဆိုရင်...

သင်လိုချင်တဲ့ အချစ်ဆီရောက်ဖို့ သင့်ရဲ့အမုန်းတစ်ချို့ကို ချခင်းနင်းချေသွားရလိမ့်မယ်ဆို ရင်...

အချစ်ဆိုတာ ပြုပြင်ပြောင်းလဲဖန်တီးလို့ မရသလို အသစ်ဖန်တီးလို့လည်း မရဘူး။

ပြီးတော့...

အချစ်ဆိုတာ ပေးလို့မရသလို ယူလို့လည်းမရဘူး။ တူနှစ်ကိုယ်ဆိုတဲ့ တံတားတစ်စင်း မရှိ သရွေ့ပေါ့။

*

ခေတ်ဆန်းတေးရဲ့ဘဝထဲကို လင်းလွန်းလွင် စဝင်လာခဲ့တာက စီဒီတစ်ချပ်အဖြစ်နဲ့ပါ။

"ကလေးလေး မားမားပြန်လာတည်းက အဲဒီ အခွေကို ဖွင့်ထားတာ၊ ခု ညကိုးနာရီထိကို မ ပိတ်သေးဘူးလား သမီးလေး၊ မားမား ခေါင်းတွေတောင် ကိုက်လာပြီ"

"ဒါ ဒီနေ့ အသစ်ထွက်တဲ့ စီးရီးစ်လေ မားမား။ အဆိုတော်က လင်းလွန်းလွင်တဲ့၊ တစ်ခွေ လုံးကောင်းတယ်၊ သူ့အသံကိုလည်း သမီး အရမ်းကြိုက်တာပဲ မားမားရယ်၊ ချိုအီမွှေးစိမ့်နေတာပဲ"

"အေးပါ နောက်နေ့ကျရင် ဆက်နားထောင်လို့ ရတာ ပဲ၊ ဒီနေ့တော့ ပိတ်လိုက်တော့နော်"

"Yes မားမား"

အဲဒီ နေ့ကတည်းက လင်းလွန်းလွင်က သူမဘဝထဲကို အသံလေးက အရင်ဝင်ခဲ့တာ။

တကယ်ပါပဲ။ စီဒီကာဗာမှာလည်း သူ့ပုံမပါလို့ သူဟာ ဖြူသလား မည်းသလားတောင် မသိ ပါဘူး။

တချို့ အသံအရမ်းကောင်းတဲ့သူတွေက သွားခေါတတ်ကြတယ်။

တချို့ကျတော့ ဗိုက်ပူပူနဲ့ ဝတုတ်တုတ် ရုပ်ဆိုးဆိုးတွေလေ။

လင်းလွန်းလွင်က ဘယ်လိုပုံစံဖြစ်မလဲဆိုတာ စိတ်ကူးနဲ့တောင် ပုံမဖော်ကြည့်မိဘူး။ တကယ်ပါ။

သူ့အသံနှင့် သူ့သီချင်းတွေကိုပဲ စိတ်ဝင်စားခဲ့တာပါ။

တစ်ချိန်လုံး လင်းလွန်းလွင်ရဲ့ စီဒီလေးကို ဖွင့်လွန်းလို့ ထစ်တောင်ထစ်လာပြီ။

အဲဒါနဲ့ မာစတာခွေနှစ်ခွေ သွားထပ်ဝယ်ပစ်လိုက်တယ်။

မြို့ထဲမှာလည်း လင်းလွန်းလွင်ရဲ့အသံချည်းပဲ လက်ဖက်ရည်ဆိုင်မှာလဲ လင်းလွန်းလွင်။ ဘတ်စ်ကားပေါ်မှာလည်း လင်းလွန်းလွင်။ ယုတ်စွအဆုံး လက်တွန်းလှည်းနဲ့ရောင်းတဲ့ ထီလှည်း လေးတွေမှာတောင် လင်းလွန်းလွင်က စိုးမိုးတယ်။

ည ည လိမ်းထိပ်မှာ စတည်းချတတ်တဲ့ ဂီတာဝိုင်းမှာလည်း လင်းလွန်းလွင် သီချင်းတွေက စိုးမိုးထားသလို ကလေးတွေပါးစပ်ဖျားမှာလည်း သူ့သီချင်းပဲ။

ကုန်ကုန်ပြောရရင် ကလေးရော ငပွေးရော ကြိုက်ကြတယ်ဆိုပါစို့။

မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ လင်းလွန်းလွင်ရဲ့ အင်တာဗျူးတွေ ပလူပျံနေအောင် ပါလာပေ မယ့် လင်းလွန်းလွင်ရဲ့ဓာတ်ပုံတော့ မပါဘူး။

လူတချို့ကတော့ ဝေဖန်နေကြပြီ။ လင်းလွန်းလွင်က တော်တော်ရုပ်ဆိုးလို့သာ သူ့ရုပ်ကို မပြတာတဲ့။

ခေတ်ဆန်းတေးက အဲဒီ လူတွေကို ပြန်ပြီးပြောပစ်ချင်တာ။ အဆိုတော်ပဲ ရုပ်ချောစရာလိုလို့ လားလို့။

မိုးကဗျာနဲ့ လင်းလွန်းလွင်ဆိုတာလည်း ငယ်ငယ်တည်းက

စေ့စပ်ထားခဲ့သူတွေတဲ့။ ဒါပေမဲ့ မိုးကဗျာကတော့ သိပ်စိတ်မဝင်စားခဲ့ပါဘူး။

လင်းလွန်းဆိုတာ ခုချိန်ထိ ဖြူသလား၊ မည်းသလားလို့တောင် မသိတော့ဘူး။

ကလေးဘဝကတော့ ကဗျာနဲ့လင်းလွန်း ဆုံခဲ့ဖူးသတဲ့။ သို့သော် လင်းလွန်းက သူ့မိဘတွေ နဲ့အတူ ဂျပန်နိုင်ငံကို ထွက်ခွာသွားခဲ့တာမို့ ကဗျာနှင့်ဝေးသွားခဲ့သည်။

လင်းလွန်းတို့ ရန်ကုန်ကို တစ်ခေါက်ပြန်လာတုန်းကလည်း ကဗျာက ကျောင်းပိတ်ရက်မို့ နယ်က အဘိုးအဘွားတွေဆီရောက်နေသဖြင့် မတွေ့ခဲ့ရ။

ဒီတော့ လင်းလွန်းကို ကဗျာ မမှတ်မိတာ မဆန်း။ သို့သော် လင်းလွန်းလွင်ဆိုသော ကောင် လေးက အဆိုတော်ဖြစ်လာခဲ့ကာ…

အဲဒီ လင်းလွန်းလွင်ဆိုသည့် အဆိုတော်ကို ကဗျာ့ရဲ့ပြိုင်ဘက်လည်းဖြစ်၊ ငယ်သူငယ်ချင်း လည်းဖြစ်သော ခေတ်ဆန်းတေးက သိပ်ကိုသဘောကျနှစ်ခြိုက်နေခဲ့သောအခါ…

ကဗျာက အဆိုတော် လင်းလွန်းလွင်ဆိုတာ သူမနှင့်စေ့စပ်ထားသူဖြစ်ကြောင်းကို ခေတ် ဆန်းတေးအား လျှို့ဝှက်ထားခဲ့သည်။

ဒါက တစ်နေ့မှာ ဝှက်ဖဲဖြစ်လာနိုင်တယ်လေ…နော်။

*

“ခေတ်…ငါပြောတာလည်း နားထောင်ပါဦးဟာ၊ အဲဒီ နားကြပ်ကြီးကို ဖြုတ်လိုက်စမ်း… Please”

“နင့်ရဲ့ Please ကိုတော့ ကြိုက်တယ်ဟာ၊ ဖြုတ်လိုက်စမ်းဆိုတာကြီးက ဒီထဲကို ရှောရှော ရှူရှူ မဝင်ဘူး”

ခေတ်ဆန်းတေးက သူမနားကို လက်သန်းနှင့်ညွှန်ပြီး ပြောလိုက်သည်။

“ထားပါ၊ ဒါနဲ့ နင် ဘာနားထောင်နေတာလဲ”

“လင်းလွန်းလွင်ရဲ့ မိုးမြေတဆုံး စီဒီ”

“ထပ်…ဒါပဲ၊ မငြီးငွေ့သေးဘူးလား”

“လင်းလွန်းလွင်ရဲ့ အသံလေးကို ငါ့နှလုံးသားက ထာဝရဆာလောင်နေမယ်ထင်တယ် ကဗျာ”

“နင် ရူးတာပဲ၊ နင် သူ့ကို မြင်တောင်မမြင်ဘူးဘဲနဲ့”

“ငါ ဆာလောင်တာ သူ့အသံလေ။ သူ့ရုပ်မှမဟုတ်တာ၊ ကိုယ့်နှလုံးသားနဲ့ ကိုယ့်အာဟာရ လွတ်လပ်စွာ ခံစားပါရစေဟာ”

ကဗျာ စိတ်ထဲကကျိတ်ပြီး ဟားတိုက်နေမိသည်။ အဲဒီ အသံက နင့်အတွက်မဟုတ်ဘူး အရူး မရဲ့။ အဲဒီ အသံကို ငါက ပိုင်ဆိုင်ခွင့်ရပြီးသား။ ကဗျာ ပခုံးတွန့်လိုက်သည်။ လင်းလွန်းလွင်သာ သွားခေါ်ဖိုက်ပူကြီးဆိုရင်တော့ ကဗျာက ခေတ်ဆန်းမကို ရက်ရက်ရောရောကြီးကို ပြန်စွန့်လိုက်ဦး မှာ၊ မဟုတ်ရင်တော့ နင် နာပြီခေတ်ဆန်းတေးရေ။

*

လင်းလွန်း မြန်မာပြည်ကို စတင်ခြေချမိတာနှင့် မြန်မာ့မြေနဲ့ မြန်မာ့လေက လင်းလွန်းကို နွေးနွေးထွေးထွေး ကြိုဆိုကြတယ်။

မြန်မာပြည်မှာ လင်းလွန်းရဲ့ တစ်ဦးတည်းသောဆွေမျိုး ဘွားပဲရှိတယ်လေ။

ဘွားကိုယ်တိုင် လာကြိုရှာတယ်။

"ဘွား"

"လာခဲ့ မြေးလွန်း၊ ငါ့မြေးကြီးကို ခုမှ တစ်ဝကြီးဖက်ရမှာ"

"သားက အပြီးပြန်ခဲ့တာပါ ဘွားရယ်"

"ကျုပ်ကို နှစ်သိမ့်တာတော့ မဟုတ်ပါဘူးနော်"

"Promise ပါ ဘွားရယ်"

"ကဲ....လာ....လာ ငါ့မြေးဖုန်းကြိုဆက်ထားတဲ့အတိုင်း ဟင်းချက်ထားတယ်"

"စားဦးမှာ...ဘွားလက်ရာကို အဝစားမှာ"

"စားပါတော်...စားပါတော်"

"ကိုကိုလွန်း"

"ဟာ..မိစာလေးတောင် ထွားလာပြီ"

"ဘွားကလေ ဒီမှာ မြေးတွေရှိတာတောင် ကိုကိုလွန်းမှ ကိုကိုလွန်း တမ်းတနေတာ သိ လား"

"အံမယ်...ညည်းတို့ကို ပိုင်ပိုင်ချစ်ရတာ မဟုတ်ဘူး။ ညည်းလေးတို့ ဘိုးဘွားတွေဆီက ခဏ ငှား ချစ်ရတာ အေ့"

မိစာက လင်းလွန်းတို့နှင့် ခြံချင်းကပ်နေသူတွေပါ။ ဘွားဆီ ဝင်ထွက်ချွဲနွဲ့နေကြ ကလေးမ လေးပါ။

"မိစာလေး ဘယ်နှတန်းရောက်ပြီလဲ"

"Grade (9) ကိုကိုလွန်း"

"အား.. Grade (9) တောင်ရောက်ပြီပဲ"

ဘွားရဲ့ဒရိုင်ဘာမောင်းသောကားမှာ သူက အလယ်မှထိုင်ပြီး ဘွားနှင့်မိစာလေးက တစ် ဖက်တစ်ချက်ခြံရံကာ စကားတွေ တွတ်တွတ်ဆိုလာကြသည်။

"ကိုကိုလွန်း...ချောကလက်ပါလား"

"Yes"

"အကုန် မိစာယူမှာနော်၊ ဘွားက ဆီးချိုရှိလို့ ချောကလက်နဲ့မတည့်ဘူး"

"ဟိတ်....ကလေးမ၊ ဘွားမတည့်ပေမယ့် လက်ဆောင်ပေးစရာတွေ ရှိသေးတယ်၊ မြေး လွန်း...ဒီပေါက်ကျော်မကို အလိုမလိုက်နဲ့နော်"

"တွေ့လား...တွေ့လား၊ ဘွား ကြားထဲကဝင်ပြီး ဒေါက်ကပ်စေးလုပ်ပြီ"

ဘွားနဲ့မိစာကြားမှာ လင်းလွန်း ရယ်နေသည်။ ဘာပဲဖြစ်ဖြစ် ဟိုမှာဆို လင်းလွန်း အထီး ကျန်ရပါသည်။ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံအများစုက ယဉ်ကျေးမှုတော့ ချို့တဲ့စမြဲ မဟုတ်လား။

လင်းလွန်းလွင်ရဲ့ ဗီစီဒီကို လင်းလွန်းလွင်ကိုယ်တိုင် လက်မှတ်ထိုးပြီး ရောင်းချပေးမှာမို့ ကမ္ဘာအေးဂမုန်းပွင့်မှာ လူငယ်တွေ ကြိတ်ကြိတ်တိုးနေသည်။

ထိုပရိသတ်တွေထဲမှာ အကဲဆုံး အသည်းဆုံးက ခေတ်ဆန်းတေးပဲပေါ့။

"ကဗျာ...လာလေဟာ၊ ရှေ့ဆုံးကိုတိုးရအောင်"

"ဒီကလည်း မြင်နေရတာ ပါပဲဟာ။ လာမှမလာသေးတာ"

"လာရင် တိုးလို့ရမှာ မဟုတ်တော့ဘူးဟ"

ခေတ်ဆန်းတစ်ယောက် မြူးကြွနေသလောက် ကဗျာသည်လည်း လူကသာ မတုန်မလှုပ် ကျောက်ဆစ်ရုပ်ပေမယ့် ရင်ထဲမှာ ရင်ခုန်သံက ညံနေသည်။

ဘာပဲဖြစ်ဖြစ် ဒီလူက ကဗျာနှင့်စေ့စပ်ထားသူလေ။ စေ့စပ်ထားသူသည် ဖြူသလား မည်း သလားဆိုတာ ကဗျာက အရင် အကဲခတ်ခွင့်ရမယ်လေ။

ကဗျာသဘောမကျလို့ကတော့ Get out!။

ဟုတ်ဟုတ်ငြားငြားလေးဆိုရင်တော့ စိတ်မပါရင်တောင် တွဲပစ်လိုက်မယ်။ ခေတ်ဆန်းတေး ကို တစ်ကွက်ကျောဖို့လေ။

ကဗျာတွေးနေတုန်း ခေတ်ဆန်းတေးရဲ့ အသံစူးစူးက သူမနားစည်သို့ ထိခတ်လာသည်။

"ဟယ်…လင်းလွန်းလွင်က ခန့်ချောကြီးတော့"

ထိုအသံကြောင့် လင်းလွန်းလွင်က ပြုံးပြီး..

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကဗျာ့အကြည့်တွေက လင်းလွန်းဆီ ရောက်သွားသည်။ ကဗျာ့ရင်တွေ ဖျတ်ခနဲခုန်သွားသည်။

ခန့်ချောကြီးဆိုတာထက်ကို ပိုသော သန့်ပြန့်သားနားသည့် ခပ်မိုက်မိုက် ယောကျ်ားတစ်ယောက်။ ပြီးတော့ သူ့ရုပ်ရည်က ယောကျ်ားတန်မဲ့ ညှို့နိုင်စွမ်းရှိသည်။ ကဗျာ ဟတ်ထိသွားပြီ။

ပွဲကတော့ ကောင်းလာပြီ ခေတ်ဆန်းတေးရေ။ ပွဲစစချင်းမှာ ငါက ခုနစ်ဆယ့်ငါးရာခိုင်နှုန်း ကျော် ပိုင်ထားပြီ။

ခေတ်ဆန်းတေးက အခွေကို သုံးခါတိတိဝယ်ပြီး လက်မှတ်သုံးခါသွားထိုးခိုင်းသည်။ နှစ်ထပ်ရှိမှ မှတ်မိမှာမို့လား။ သုံးခါဆိုတော့ လင်းလွန်းလွင် ခေတ်ဆန်းတေးကို ပိုမှတ်မိသွားတာပေါ့။

တတိယမြောက်မှာ....

"ကျွန်တော့်ကိုအားပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်"

ခေတ်ဆန်းတေး အလှပဆုံး အကြည်လင်ဆုံး ပြုံးပြလိုက်ပြီးမှ ပြန်ထွက်လာလိုက်သည်။

ထိုအချင်းအရာအားလုံးကို နောက်ဘက်က ကဗျာ မြင်နေရသည်။ သို့သော် ပြဿနာတော့ မရှိ။

ထိုနေ့က သိပ်ပျော်နေတဲ့ ခေတ်ဆန်းတေးမျက်နှာကိုကြည့်ပြီး စိတ်ထဲက အစီအစဉ်တစ်ခု ကျကျနနရေးဆွဲလို့။

*

အဆိုတော်တစ်ယောက်အနေနဲ့ ပရိသတ်တိုင်းကို မှတ်မိဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။

ဒါပေမဲ့ ပထမဆုံး လက်မှတ်ထိုးတဲ့ပွဲမှာ သုံးခါတိတိဝယ်ပြီး သုံးခါတိတိ လက်မှတ်လိုက်ထိုး ခိုင်းတဲ့ ကောင်မလေးကိုတော့ လင်းလွန်း မှတ်မိလိုက်သည်။

ဒါပေမဲ့ မှတ်မိရုံပါပဲ။ ပြီးတော့ သူမလေးရဲ့အားပေးမှုကို ပီတိဖြစ်ရုံပါပဲ။

သူ ပြန်ရောက်ကတည်းက မအားရတာ ပါ။ သူ့မှာ တစ်ခွေဆိုတစ်ခွေ ဆိုသလောက် ပေါက် သွားတာလေ။ သူ့နောက်ကို ငွေထုပ်ပိုက်ပြီး လိုက်လာတဲ့ ထုတ်လုပ်ရေးတွေကို ငြင်းရတာ လည်း တစ်လုပ်။

သူ့အခွေကို သူ့ဘာသာငွေထုတ်ပြီး လုပ်တာမို့ အခုချိန်မှာလည်း ဘယ်ထုတ်လုပ်ရေးကိုမှ အလိုမရှိပါ။

ခုချိန်မှာ သူ စတူဒီယိုဆောက်နေတဲ့ကိစ္စကိုပဲ စိတ်ဝင်စားသည်။ သူ့နောက်လိုက်နေတဲ့ ရှိုးပွဲ စီစဉ်သူတွေကို ရက်ချိန်းပေးဖို့ပဲ စဉ်းစားနေရသည်။ သူ့မှာ ငွေမလိုအပ်ပါ။ သို့သော် သူ့ဝါသနာအရ သီချင်းတွေ ဆိုချင်နေတာလေ။ စင်ပေါ်တက်ပြီး သီချင်းတွေသာဆိုနေရရင် သူ့ဘဝမှာ ပြီးပြည့်စုံ နေသလို ခံစားရသည်။

သူ့ဘဝမှာ သီချင်းတွေနဲ့ ဘွားကလွဲရင် တွယ်တာစရာ ဘာမှမရှိဘူးလေ။

သူ့မိဘတွေက ဂျပန်မှာပဲ ရွှေ့ဆင့်နောက်ဆင့်ဆိုသလို

ဆုံးသွားခဲ့ပြီမို့လား။

ဂျပန်မှာ သူတစ်ယောက်တည်း ဆက်မနေလိုတော့တာမို့ သူ မြန်မာပြည်ပြန်လာခဲ့တာ။ ပိုက်ဆံဆိုတာ မလိုချင်လောက်အောင် ပြီးပြည့်စုံပြီးသားမို့ သူ့ဝါသနာဘက် ဇောက်ချလိုက်ဖို့ပဲ ဆုံး ဖြတ်ထားသည်။

ဘွားမှာလည်း မျိုးဆက်ရယ်လို့ သူ့မိခင်တစ်ယောက်ပဲ ရှိရှာတာ။ အခု သမီးရောသမက်ပါ ဆုံးသွားပြီမို့ မြေးဖြစ်သူ သူ့ကိုပဲ စုပုံချစ်ရရှာသူပါ။ သူ ဘွားဆီပြန်လာတာကို ဘွားက အပျော်ကြီး ပျော်နေခဲ့ရှာသည်။

သို့သော် သူ့မှာ ဘွားနားမကပ်အား။ သူ့ဂီတနှင့်သူ အလုပ်ရှုပ်နေတာပင်။

မိုးလင်းတာနှင့် စတူဒီယိုကိစ္စ လုံးပမ်းရပြီ။ ဘွားရဲခြံထောင့်မှာ စတူဒီယိုဆောက်နေတာပါ။ သူ့ ကိုယ်ပိုင်စတူဒီယိုနှင့် ကိုယ်ပိုင်ဖြန့်ချိရေးလုပ်ဖို့ စဉ်းစားထားသည်လေ။ ကိုယ်ပိုင် Band တစ်ခု လည်း ထောင်ဦးမှာ။ လင်းလွန်းလွင်က ဒီလောကထဲကို ခြေစုံပစ်ဝင်မှာလေ။

ဘွားခမျာ သူ့ကိုတွေ့ရဖို့တောင် လိုက်ဖမ်းနေရ၏ ။ ဘွားနဲ့အတူ ထမင်းလက်စုံစားဖြစ်တာ က တစ်ပတ်မှတစ်ရက်။

ဒီတော့ ဘွားဆီက အသံထွက်လာသည်။

“မဖြစ်တော့ဘူး၊ ငါ့မြေးကို မိန်းမပေးစားမှကို ဖြစ်မယ်၊ ဒီတိုင်းဆို စားချိန်မမှန်၊ အိပ်ချိန်မမှန် နဲ့ ဒုက္ခရောက်မယ်”

*

“မြေးလွန်း...မနက်ဖြန် မြေးနဲ့ဘွား ထမင်းအတူစားရမယ့်နေ့နော်”

"ဟုတ်ကဲ့ပါ"

သူ ညိတ်ပြလိုက်တဲ့ ခေါင်းတညိတ်ဟာ သူ့ကို
တစ်ပတ်ချည်မယ့်ကြိုးမှန်းသိရင် သူ ခေါင်းခါမိမလားမသိ။

နောက်တစ်နေ့ ထမင်းစားပွဲမှာ ဘွားနဲ့သူ့အပြင်
ဧည့်သည်မိသားစုတစ်စုပါ ပါဝင်နေသည်။

"မြေးလွန်း... ဒါ မြေးလွန်းဖေဖေရဲ့ အချစ်ဆုံးသူငယ်ချင်းမိသားစုလေ။
ဦးအေးထွန်းနဲ့ ဒေါ်မိမိလေးတဲ့"

ဦးအေးထွန်း၊ ဒေါ်မိမိလေး။

ဒါဆိုရင် သူတို့သမီးဖြစ်ဟန်တူသော သူနဲ့မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့
မိန်းကလေးက မိုး ကဗျာပေါ့။

"ဒါဆို သူက မိုးကဗျာပေါ့"

သူက စတင်နှုတ်ဆက်လိုက်သဖြင့် မိုးကဗျာ နှုတ်ခမ်းမှ
ကျေနပ်ပြုံးတစ်ခု တွဲခိုသွားသည်။

"ဟုတ်တယ် မြေးလွန်း။ ဒါ မြေးလွန်းနဲ့ စေ့စပ်ထားတဲ့ မိုးကဗျာပဲ"

"မောင်လင်းလွန်းကိုတွေ့တော့ မင်းအဖေကို သတိရတယ်ကွာ၊
တကယ်ဆို ဒီပွဲမှာ ငါ့သူ ငယ်ချင်းလင်မယားကို ရှိစေချင်လိုက်တာကွာ"

"အို..ကိုထွန်းကလည်း သား စိတ်မကောင်းအောင်"

ထို့နောက်မှာတော့ ဘွားက မိုးကဗျာကို သူ့အတွက်
တောင်းရမ်းနေသည်။

"ကဲ..မောင်အေးထွန်းရေ၊ စေ့စပ်ပွဲကို ဘယ်မှာလုပ်ချင်လဲသာပြော"

"ကလေးတွေသဘောပါ အမေရယ်၊ ကျွန်တော်တို့ကျေနပ်ဖို့ထက်

သူတို့သဘောကျဖို့က ပို အရေးကြီးပါတယ်”

“ကဲ…ဒါဆို မြေးတို့နှစ်ယောက်ကို မေးရမှာပေ့ါ၊ မြေး ကဗျာက ဘယ်မှာလုပ်ချင်လဲ”

“ဘွားနဲ့ဖေဖေ မေမေတို့ ကဗျာ တစ်ခုပြောချင်ပါတယ်”

အားလုံးက မိုးကဗျာမျက်နှာဆီ အကြည့်ရောက်သွားသည်။ မိုးကဗျာက လင်းလွန်းလွင်ကို တည့်တည့်ကြည့်ကာ…

“လက်ထပ်ပွဲဆိုတာ ကာယကံရှင်နှစ်ယောက် ဆန္ဒရှိမှ မင်္ဂလာရှိတာပါ၊ ကိုလင်းလွန်းလွင် အနေနဲ့ ကဗျာ့အပေါ် ဘယ်လိုသဘောထားလဲဆိုတာ သိချင်ပါတယ်”

“ဟေ…ဒါလည်းဟုတ်တာပဲ၊ မြေးတို့နှစ်ယောက် သဘောကျမှ ဖြစ်မှာပေ့ါ”

လင်းလွန်းက ကဗျာ့ကိုကြည့်ကာ ကဗျာ့ရဲ့ ရဲရင့်မှုကိုတော့ အသိအမှတ်ပြုလိုက်သည်။ ကဗျာ့ပုံစံက သူမစိတ်ထဲမှာ ရှိသလို ရဲရင့်ပွင့်လင်းစွာ ဆက်ဆံတတ်မည့် ပုံစံမျိုးပါ။

“ကိုယ်တို့နှစ်ယောက် ခြံထဲမှာ စကားခဏပြောရအောင် ကဗျာ”

“ကောင်းပါတယ် ကိုလင်းလွန်းလွင်”

သူ စတူဒီယိုဆောက်နေတဲ့နားက ထီးကလေးအောက်မှာ အတူထိုင်မိကြသည်။

မိုးကဗျာက မိန်းမပီပီသသ ယဉ်ကျေးသိမ်မွေ့တဲ့ ဝတ်စားဆင်ယင်မှုလေးနဲ့ လှပလွန်းသူပါ။

တင်ပါးအထိရှည်နေတဲ့ ဆံပင်တွေဟာ ဒီခေတ်မှာတော့ ရှားပါးပစ္စည်း ဖြစ်နေပြီလေ။

ဒီခေတ်မိန်းကလေးတွေရဲ့ ဆံပင်ပုံစံတွေက တိုရင်တို၊ မတိုရင် စတက်ဖ်၊ မစတက်ဖ်ရရင် ကောက်။ မကောက်ရရင် အီမို။ မအီမိုရရင် ပန့်ခ်။

ဆံပင်ရှည် ညီတိတိလေးဆိုတာက ရှားပါးပစ္စည်းကို ဖြစ်နေပြီလေ။

မိုးကဗျာလည်း လင်းလွန်းကို ပြန်အကဲခတ်နေသည်။ လင်းလွန်းလွင်က အနီးကပ်ကြည့် လေ ပိုခန့်ညားလေပါလား။ လင်းလွန်းလက်တွေဆို ယောကျ်ားမဆန်စွာ ရွှေရောင်မွေးညင်းလေး တွေနဲ့။ ဂျပန်မှာ အနေကြာခဲ့သော သူ့အသားအရေက ဒီကရာသီဥတုနှင့် မလိုက်ဖက်စွာ။

"ကဗျာက တည်တယ်။ ဣန္ဒြေရတယ်။ ပွင့်လင်းပြီး ထက်မြက်တဲ့ပုံစံမျိုးလည်း ရှိတယ်။ ကိုယ် ကဗျာ့ကို သဘောကျပါတယ်"

"ဆိုလိုတာက ဒီစေ့စပ်ပွဲကို ကိုလင်းလွန်းလွင် လက်ခံတယ်ပေ့ါ"

"ကိုယ် အကြွင်းမရှိ လက်ခံထားပြီးသားပါ ကဗျာ။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သွားလေသူ ကိုယ့်မိဘနှစ်ပါးရဲ့ တစ်ခုတည်းသောဆန္ဒ ဖြစ်နေလို့ပဲ။ အဲဒါ ကိုယ် ပွင့်ပွင့်လင်းလင်း ဝန်ခံတာ နော်။ မိုးကဗျာဆိုတာ ဘယ်လိုပုံစံမျိုး ဖြစ်နေပါစေ။ ကိုယ့်မိဘတွေရဲ့ဆန္ဒကို ကိုယ် လက်ခံမှာပဲ။ ဒါပေမဲ့ အခု ကဗျာ့ကိုတွေ့တော့ ကိုယ် သဘောကျပါတယ်။ ဒါနဲ့ ကဗျာကရော ကိုယ့်အပေါ် ဘယ် လိုသဘောရလဲ"

"ကဗျာလည်း ကိုလင်းလွန်းလွင်ကို ငြင်းစရာမရှိပါဘူး"

"အိုခေ…ဒါဆို ကိုယ်တို့နှစ်ဦးနှစ်ဖက် အဆင်ပြေတယ်လို့ ဆိုရမှာပေ့ါ။ ကဗျာ စေ့စပ်ပွဲကို ဘယ်မှာလုပ်ချင်လဲ"

"စေ့စပ်ပွဲကို လူသိရှင်ကြား မလုပ်ချင်ဘူး ကိုလင်းလွန်းလွင်၊ ဘာလို့လဲဆိုတော့ ကိုလင်း လွန်းလွင်က Celebrity တစ်ယောက် ဖြစ်နေလို့ပဲ။ ကိုလင်းလွန်းလွင်နဲ့ ပတ်သက်ပြီး ကဗျာ့ကိုယ် ကဗျာလည်း လူသိမခံချင်ဘူး။

ကဗျာနဲ့ စေ့စပ်လိုက်လို့ ကိုလင်းလွန်းလွင်ရဲ့ အောင်မြင်နေမှုကို တစိစိတ်တစ်ဒေသပဲဖြစ်ဖြစ် ထိခိုက်သွားမှာကိုလည်း မလိုလားဘူး”

“အာ…ကိုယ်က ပြဿနာမရှိပါဘူး။ ကိုယ့်အတွက်ဆိုရင်တော့ အဆင်ပြေပါတယ်။ အနုပညာ အောင်မြင်မှုဆိုတာ ကိုယ်ရေးကိုယ်တာနဲ့မှ မဆိုင်တာ”

“ဘာပဲဖြစ်ဖြစ်လေ ကဗျာကိုယ်တိုင်က ကိုယ့်ကို Celebrity နဲ့တွဲပြီး နာမည်မကြီးချင်ဘူး။ ကဗျာတို့ နှစ်ဖက်မိသားစုပဲ မျက်နှာစုံညီ စေ့စပ်လိုက်ကြတာပေါ့နော်။ တစ်ခုတော့ရှိတယ်။ အသိအမှတ်ပြု စေ့စပ်လက်စွပ်လေးတော့ လဲဝတ်ထားကြမယ်လေ။

*

ကဗျာက ဓာတ်ပုံလေးကို အကြိမ်ကြိမ်အခါခါ ကြည့်ရင်း သဘောကျနေမိသည်။

ဓာတ်ပုံလေးထဲမှာ လက်ကလေးနှစ်ဖက်ပဲပါသည်။ လင်းလွန်းနဲ့ သူမရဲ့ လက်ထပ်လက်စွပ် လေးဝတ်ထားတဲ့ လက်ကလေးတွေပါ။

သူမစိတ်ကြိုက် လက်ထပ်လက်စွပ်ကလေးဟာ စိန်တစ်ပွင့်တလေတောင် မပါဘူး။

ပလက်တီနမ်ကနုတ်ခက်လေးတွေထဲမှာ ကျောက်စိမ်းသီးလေးတွေ ကြိုကြားကြိုကြား ခို ဝင်နေပုံက မခို့တရို့။

သူတို့နှစ်ယောက်ရဲ့ စေ့စပ်လက်စွပ်ဟာ သူများတွေနဲ့မတူတာတော့ အမှန်။

ဘာလို့လဲဆိုတော့ ဘယ်သူကမှ စေ့စပ်လက်စွပ်မှာ ကျောက်စိမ်းသုံးမှာ မဟုတ်လို့လေ.. နော်။

စိမ်းကားခြင်းကို နိမိတ်အဖြစ် ဘယ်သူက နှစ်သက်မှာလဲ။

ဒါပေမဲ့ လင်းလွန်းနဲ့သူမကြားမှာတော့ စိမ်းကားခြင်းထက် ဘယ်သူနဲ့မှမတူခြင်း အထိမ်းအမှတ် ရှိနေဖို့ ပိုပြီးလိုအပ်တယ်။ သိပ်ကိုလိုအပ်တယ်။ အဲဒီ ထူးခြားတဲ့စေ့စပ်လက်စွပ်လေးဟာ တစ် နေ့မှာ ကဗျာ့အတွက် အထောက်အကူမပြုဘူးလို့ ဘယ်သူက ပြောနိုင်မလဲနော်။ တစ်နေ့နေ့ လိုအပ်ရင် အသုံးပြုဖို့ သူများနဲ့မတူတဲ့ လက်စွပ်ကလေးကို ကဗျာရွေးခဲ့တယ်။

*

လင်းလွန်းလွင်နဲ့ပတ်သက်ပြီး လူသိခံလို့ မဖြစ်ဘူးလေ။ လင်းလွန်းနဲ့ကဗျာ စေ့စပ်ထားတာ ကို ပိုပြီး လူသိမခံချင်။ ဘာလို့လဲဆိုတော့ လူသိမှာဆိုတာထက် ခေတ်ဆန်းတေးသိမှာ ကြောက်တာပင်။

ဒါဟာ ခေတ်ဆန်းမကို အနိုင်ပိုင်းဖို့ ဗျက်ဖဲတစ်ချပ် ဖြစ်ချင်ဖြစ်နေမှာလေ။

ခေတ်ဆန်းဟာ လင်းလွန်းကို အရူးအမူး ခရေဇီဖြစ်နေတာမို့လား၊ လင်းလွန်းဟာ သူမရဲ့ ပြိုင်ဘက် ကဗျာနဲ့ စေ့စပ်ထားသူဆိုတာ စောစောစီးစီး သိသွားရင် ခေတ်ဆန်းတစ်ယောက် လင်းလွန်းဆီသို့ ဆက်တိုးမှာ မဟုတ်တော့ဘူး။

ရောဂါနုတုန်း စောစောစီးစီး ရှောင်ထွက်သွားမှာ သေချာနေသည်။

လင်းလွန်းနားသို့ ခေတ်ဆန်းမကို မရောက်ရောက်အောင် တွန်းပို့ရမယ်။ ခေတ်ဆန်းရဲ့ နှလုံးသားထဲမှာ လင်းလွန်းက အပြည့်အဝ နေရာယူပြီဆိုတဲ့

အချိန်ကျမှ ကဗျာက လင်းလွန်း လက်ကလေးကို အသာအယာချိတ်ပြီး ပွဲတက်သတို့သမီးအဖြစ် ခံယူပစ်ဦးမှာ။

ကဗျာနဲ့ ခေတ်ဆန်းကြားမှာရှိတဲ့ ပြိုင်ပွဲတွေမှာ ရှုံးပွဲတွေ မရှုမလှ ရှိခဲ့ဖူးသလို နိုင်ပွဲတွေ လည်း အရသာရှိလှစွာ ရှိခဲ့ဖူးပါသည်။

ကဗျာနဲ့ ခေတ်ဆန်းက လက်ရုံးရည်ရော၊ နှလုံးရည်ပါ သူမသာ ကိုယ်မသာဆိုတော့ ဉာဏ် ကို လွှာသုံးနိုင်မှရတော့မည်။ ခေတ်ဆန်းက လင်းလွန်းကို ခရေဇီဖြစ်နေပြီး လင်းလွန်းနဲ့ကဗျာက ကလေးဘဝထဲက စေ့စပ်ပြီးသားဖြစ်နေတာက ကဗျာ့ကို ကံကြမ္မာကပေးတဲ့ ကံကောင်းခြင်းပါပဲ။

လက်ချောင်းကလေးပေါ်မှာ ခိုတွယ်နေတဲ့ စေ့စပ်လက်စွပ်ကလေးကို ခပ်ဖွဖွနမ်းရင်း လင်း လွန်းလွင်ဆီ ဖုန်းခေါ်လိုက်သည်။

“ဟယ်လို…ကို ဘယ်ရောက်နေလဲ”

“စတူဒီယိုမှာ ကဗျာရဲ့၊ ပြော…ဘာကိတ်”

“ကို…ကဗျာနဲ့ကို စေ့စပ်ထားတာဆိုတော့ တစ်နေ့ ကို ကဗျာ့ကို လက်ထပ်မှာပေါ့နော်”

“သိပ်သေချာတာပေါ့ ကဗျာရဲ့၊ ဘာဖြစ်လို့မေးတာလဲ”

ဩော်..ကိုနဲ့ကဗျာ စေ့စပ်ထားတာက လူကြီးတွေဆန္ဒအရ မဟုတ်လား ကို၊ ကဗျာတို့ စေ့ စပ်ပွဲမှာ ကဗျာတို့နှစ်ယောက်ရဲ့ နှလုံးသားတွေ ပါမပါ မသေချာဘူးလေ ကို။ တစ်နေ့နေ့ ကို ချစ်တဲ့ သူတွေ့ခဲ့ရင်လို့ ကဗျာ စိတ်ပူမိရင် ကဗျာ စိုးရိမ်ကြီးသလိုများ ဖြစ်နေမလား ကို”

“စိတ်ချ ကဗျာ၊ ခုချိန်မှာ ကိုယ် ကဗျာ့ကို ချစ်မချစ် မသေချာသေးပေမယ့် ကိုယ် ကဗျာ့ကို ပဲ လက်ထပ်မှာပါ၊ ဒါဟာ ကိုယ့်မိဘတွေရဲ့ တစ်ခုတည်းသောဆန္ဒ ဖြစ်နေလို့ ကိုယ် ဘယ်တော့မှ ဖျက်ဆီးပစ်မှာ မဟုတ်တဲ့ အရာပဲ ကဗျာ”

“တစ်နေ့ ကဗျာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို ချစ်မိသွားရင်ရော ကို”

“ကိုယ် ကဗျာ့ကိုပဲ လက်ထပ်မှာပါ၊ ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ်ပေါ့”

“ကျေးဇူးအများကြီးတင်ပါတယ် ကို”

“မလိုပါဘူး ကဗျာရယ်၊ ကိုယ့်လက်မှာဝတ်ထားတဲ့ စေ့စပ်လက်စွပ်ကို ကဗျာမချွတ်သေးသ ရွေ့ ကိုယ်ဝတ်ထားမှာပါ။ အဲဒါ ကိုယ့်ရဲ့သစ္စာတရားပါ။ ကဗျာ စိတ်အေးအေးနေ။ ဟုတ်ပြီလား..ကဲ ကိုယ် ဒီမှာ နည်းနည်း Busy နေလို့ Bye!”

“အိုခေ ကို Bye!”

ဖုန်းကိုပိတ်လိုက်ပြီး ကဗျာ ကျေနပ်စွာပြုံးလိုက်သည်။ ဒီလောက်ဆို လင်းလွန်းလွင်ကို ချည်နှောင်ပြီးသား ဖြစ်သွားပြီ။

ခေတ်ဆန်းမကို လင်းလွန်းနား ရဲရဲဝံ့ဝံ့ တွန်းပို့ရပြီ။

ကဗျာ့အပြုံးမှာ အတ္တတွေ ဖုံးနေသည်။ အတ္တဆိုတာ နုသေးရင်တော့ အတ္တပေါ့လေ။ အတ္တ တွေ ရင့်သွားရင်တော့ ထိုအတ္တဟာ ကောက်ကျစ်မှုအဖြစ် အရောင်ပြောင်းသွားတတ်သတဲ့။

ကဗျာ့ရဲ့ နိုင်လိုမှု အကွက်ချ အတ္တဟာ မနုတာတော့ သေချာနေပြီ။

ဒါဆိုရင်….

*

ကဗျာဟာ ခေတ်ဆန်းနဲ့တွေ့ကာနီးရင် စေ့စပ်လက်စွပ်ကို ခဏချွတ်ထားရသည်။ လင်း လွန်း အမြဲဝတ်ထားတဲ့ ဒီလက်စွပ်ပုံတူကို ခေတ်ရှေ့မှာ

ကဗျာဝတ်လို့ မဖြစ်ဘူးလေ။

ဒီနေ့လည်း သင်တန်းမှာ ဆရာမလာခင် ခေတ်က လင်းလွန်းလွင်အင်တာဗျူးပါတဲ့ ဂျာနယ် ကို သဲသဲမဲမဲ ဖတ်နေသည်။

“ခေတ်ရေ…နင့်မျက်နှာကြီး ဂျာနယ်ထဲလည်း ကျွံဝင်သွားဦးမယ်”

“ငါဖတ်နေတာ ဒါနဲ့ဆို ခုနစ်ခါမြောက်ပဲ ကဗျာ၊ ဖတ်လို့မဝဘူး၊ သူ့မျက်နှာကိုလည်း ကြည့် လို့ မဝဘူး”

“နင်ပြောတော့ အသံကို ကြိုက်တာပါဆို”

“ အသံလေး စကြားဖူးတုန်းက အသံလေးကို စွဲခဲ့ရတယ်၊ လူကိုမြင်ဖူးတော့လည်း Heart ကို တည့်တည့်ထိတယ်ဟာ”

“လာမယ့်ဆန်းဒေးမှာ လင်းလွန်းပါတဲ့ ရှိုးပွဲရှိတယ်တဲ့၊ မျှော်စင်ကျွန်းမှာ နင်သိပြီးပြီလား”

“လက်မှတ်တောင် ဝယ်ပြီးပြီ”

“သွက်ပ့ါ”

“ငါလေ လင်းလွန်းရဲ့ဖုန်းနံပါတ်ကို လိုချင်လိုက်တာဟာ”

“မဂ္ဂဇင်းတွေထဲမှာ မပါဘူးလား”

“ဟင့်အင်း”

“နင်က သူ့ဖုန်းနံပါတ်သိတော့ ဘာလုပ်မှာလဲ”

“မိတ်ဆက်မှာပေ့ါဟ၊ ပြီးရင် သူ့နားကို တရွေ့ရွေ့ဆက်လှမ်းလို့ ရတာပေ့ါ”

“ရှုးပ့ါ။ သူ့ပတ်ဝန်းကျင်မှာ နင့်လိုမိန်းကလေးတွေ အများကြီးနေမှာပေ့ါကွယ်”

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မေတ္တာအတိမ်အနက်ကတော့ တူမှာမဟုတ်ဘူး၊ လင်းလွန်းအပေါ် ထားတဲ့ ငါ့မေတ္တာက အရမ်းနက်ရှိုင်းတယ်"

ခေတ်က ကဗျာထိုးခံထားတဲ့ ခြေထောက်ကိုမှ မမြင်တာ။ ရိုးသားစွာနဲ့ ကဗျာ့ကို ပွင့်လင်း နေလိုက်တာ။ ကဗျာကတော့ ခေတ်အဖြစ်ကို သဘောကျနေသည်။

"ကဗျာ ဒီသင်တန်းမှာတော့ နင် ငါ့ကိုကျော်ပြီပေါ့ဟာ၊ ငါက လင်းလွန်းရောဂါဝင်နေတာနဲ့ သင်တန်းကစာတွေကို ဖိဖိစီးစီး မလုပ်နိုင်ဘူး၊ ဒီတစ်ခါတော့ နင့်ကိုငါ ကျေကျေနပ်နပ် အရှုံးပေး တယ်ဟာ"

ကဗျာက သွားစွယ်ဖြူဖြူလေးပေါ်အောင် ပြုံးလိုက်မိသည်။ လင်းလွန်းနဲ့ပတ်သက်တဲ့ ပွဲမှာ တော့ နင် မကျေမနပ် ရှုံးမှာပါ ခေတ်ဆန်းတေးရယ်။ လင်းလွန်းလွင်မှာ မိုးကဗျာဆိုတဲ့ မှတ်ပုံတင် တစ်ခုရှိနေမှန်း နင်သိတဲ့တစ်နေ့ နင် ကျေကျေနပ်နပ် အရှုံးပေးမတဲ့လား။

ခုတော့ နင် ရောဂါဆက်တိုးလိုက်ဦး ခေတ်ဆန်းတေးရေ။

*